


**အာရှဒေသရှိ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ၏ ပူးတွဲထုတ်ပြန်ချက်**

**အာရှဒေသဆိုင်ရာ ရှင်သန်ကျန်ရစ်သူများ အသိအမြင်ဖလှယ်ရေးအစီအစဉ်**

**၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉-၂၀ ရက်**

**ဘန်ကောက်မြို့ ထိုင်းနိုင်ငံ**

*With the support of*

dr. Denis Mukwege Foundation

GLOBAL SURVIVORS FUND
FOR AND WITH SURVIVORS OF CONFLICT-RELATED SEXUAL VIOLENCE

ကျွန်ုပ်တို့သည် ကမ္ဘောဒီးယား၊ နီပေါ၊ မြန်မာနှင့် တီမော်လက်စတေးနိုင်ငံများမှ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လ ၁၉ရက်နေ့မှ ၂၀ ရက်အထိ ပြုလုပ်သော Global Survivors Fund နှင့် Mukwege Foundation တို့မှ စီစဉ်သည့် “**အာရှဒေသဆိုင်ရာ ရှင်သန်ကျန်ရစ်သူများ အသိအမြင်ဖလှယ်ရေးအစီအစဉ်”** တွင် ပါဝင် တက်ရောက်၍ ကိုယ်တွေ့ အတွေ့အကြုံ များကို မျှဝေခြင်း၊ တစ်ဦးနှင့်တစ်ဦး သင်ယူခြင်းနှင့် အာရှဒေသတစ်ခုလုံးရှိ ရှင်သန်ကျန်ရစ်သူများ ကို ပံ့ပိုးရန်အတွက် အဓိက ဦးစားပေး အကြောင်းအရာများကို ဖော်ထုတ်ခဲ့ကြ သည်။ ဤထုတ်ပြန်ချက်သည် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများမှ ပေါ်ထွက်လာခြင်းဖြစ်ကာ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများ နှင့် ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်ရာတွင် ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြု သည့် ပံ့ပိုးမှုများ ပြုလုပ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အဓိက ဦးစားပေး အကြောင်းအရာများ ပါဝင်သည်။

**ကျွန်ုပ်တို့၏ ပူးတွဲတောင်းဆိုချက်များ**

၁။ ရှင်သန်ကျန်ရစ်သူများ အချင်းချင်း ဆက်သွယ်ချိတ်ဆက်နိုင်ရန်၊ ကုစားရန်၊ တစ်ဦးကိုတစ်ဦး ပံ့ပိုး ကူညီရန်နှင့် အတူတကွ လုပ်ဆောင်နိုင်ရန်အတွက် **ဘေးကင်းလုံခြုံသော နေရာများ** ဖန်တီးပေးပါ။

၂။ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာနှင့် လူမှုစီးပွားရေးဆိုင်ရာ (ဥပမာ- ငွေကြေး၊ နေအိမ်၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း) အထောက်အပံ့များအပါအဝင် **ရှင်သန်ကျန်ရစ်သူများ အတွက် ဘက်စုံ ပံ့ပိုးမှုများ**ကို ရရှိစေရန် ကူညီမှုအစီအစဉ်များ သို့မဟုတ် ပြန်လည်ထူထောင် ရေးအစီအစဉ်များမှတစ်ဆင့် ဖြည့်ဆည်းပေးပါ။ လိုအပ်ပါက ဘေးကင်းလုံခြုံသော ခိုလှုံရာနေရာ များနှင့် နေရာပြောင်းရွှေ့နိုင်ရေးအတွက် လိုအပ်သော အရေးပေါ် အထောက်အပံ့များ ကိုလည်း ဆောင်ရွက်ပေးပါ။

၃။ မမှန်ကန်သည့် သဘောထားများ၊ ရှက်စရာအဖြစ် ရှုမြင်ခြင်းများကို တိုက်ဖျက်ရန်နှင့် ရှင်သန် ကျန်ရစ်သူများ၏ ဘေးကင်းလုံခြုံမှုကို သေချာစေရန်အတွက် **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ**

*With the support of*

**အကြမ်းဖက်မှုများဖြစ်ပေါ်ရသည့် အကြောင်းအရင်းများနှင့် ယင်းအကြမ်းဖက်မှုများကြောင့် ရှင်သန်ကျန်ရစ်သူများ အပေါ် သက်ရောက်မှုများအကြောင်း အသိပညာ မြှင့်တင်ခြင်းများ ဆောင်ရွက်ပါ။**

၄။ မိမိပတ်ဝန်းကျင်ဒေသတွင်း၊ နိုင်ငံတဝန်းနှင့် အာရှဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ စသည်ဖြင့် အဆင့်အလိုက် **ရှင်သန်ကျန်ရစ်သူများအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်များ အပါအဝင် တရားမျှတမှုနှင့် တာဝန်ယူမှုရှိ စေရေး တိုက်တွန်းလှုံ့ဆော်ပါ။**

ဤတောင်းဆိုချက်များသည် ကျွန်ုပ်တို့၏ ကိုယ်တွေ့အတွေ့အကြုံများအပေါ် အခြေခံထားပြီး အာရှဒေသရှိ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများ အားလုံး သဘောတူညီသည့် အဓိကဦးစားပေး အကြောင်းအရာများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အခြားသော ပါဝင်ပတ်သက်သူအားလုံးကို ရှင်သန်ကျန်ရစ်သူများအတွက် ပံ့ပိုးရာတွင် ထိရောက်သော လုပ်ဆောင်မှုများ ဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါသည်။

*With the support of*